## ကျောင်းတွင်း ဓါး ကိုင်ဆောင်မှု မူဝါဒ

သို့ မိဘများ၊ အုပ်ထိန်းသူများ၊

NSW ပြည်နယ် အစိုးရ သည် မကြာ သေးမီက၊ ကျောင်းတွင်း ဓါးကိုင်ဆောင်မှု မူဝါဒ နှင့် ပတ်သက် ၍ ဆွေးနွေးမှု တရပ်ကို ဆစ် (Sikh) လူမျိုးစု ခေါင်းဆောင်များ၊ ကျန်းမာရေး လုံခြုံရေး ဆိုင်ရာ ကျွမ်းကျင်သူများ နှင့် အတူ အနီးကပ်တိုင်ပင် လေ့လာ ပြန်လည် စမ်းစစ်ခဲ့ပါသည်။

ဤ ဆွေးနွေး မှု တွင် ပါဝင် ကူညီ ခဲ့သည့် လမ်းညွှန်မှု ဖြင့်၊ မည် သည့် ပတ်ဝန်းကျင် တွင် ကျောင်းသား တဦး က ဓါး ကိုင် ဆောင် နိုင်သည်၊ ဆိုသည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းညွှန် အတွက်၊ အဆိုပါ ပြန်လည် ဆန်းစစ်သည့် လမ်းညွှန် တွင် ကူညီပေး သည့် လူမျိုးစု အသိုင်း အဝိုင်းမှ အဖွဲ့ဝင်များ၊ ကို ပညာရေး ဌါန က ကျေးဇူး တင်ပါသည်။

ဤလမ်းညွှန်ချက်သည်၊ ဖြစ်ပေါ် လာ နိုင်မည့် ကျန်းမာ ရေး နှင့် လုံခြုံရေး အန္တရယ် အလားအလာ များ ကို ကြိုတင်ကာကွယ်ပေး ခြင်း၊ လူမျိုးစု တို့ ၏ မတူ ကွဲပြားမှု တို့ ကို လေး စားခြင်း၊ တရားမျှတခြင်းမရှိ သည့် လူမျိုးခြား ခွဲခြားမှု များ၊ ကျောင်းသားများ နှင့် ပညာရေး ဝန်ထမ်းများ အတွက် ကို ကြိုတင် ကာကွယ် စောင့်ရှောက်ခြင်း တို့ ကို တတ်အားသမျှ ဆောင်ရွက်ပေးနေ သည် ကို ထင်ဟပ်စေသည်။

ကျောင်းတွင်း ဓါး မကိုင်ဆောင်ရ အမိန့်မှာ တည်မြဲ ရှိ နေပြီး၊ ကျောင်းသားတဦး အနေဖြင့် တင်းကြပ်ထားသော စည်းမျဉ်းများ ဘောင်အတွင်း ခါပင် (Kirpan) ဓါး ကိုင်ဆောင်ခြင်း ကို တားမြစ်ခြင်း မရှိပါ။ ခါပင် (Kirpan) ဓါး သည် ဓါး နှင့် တူ ၍ ဆစ် (Sikh) ဘာသာဝင်ပြီးသူတိုင်း ၎င်းတို့ ၏ အရေးကြီး သော ဘာသာရေး ယုံကြည်မှု သင်္ကေတ လက္ခဏာ ဖြစ် သည်။

ဆစ် (Sikh) ဘာသာဝင်ပြီးသူ တိုင်းသည်၊ (Kirpan) ဓါး ကိုင်ဆောင် ခွင့် ရရှိ ရန်အောက်ပါ (Kirpan) ဓါး အချက် အလက်များ ရှိ ရ မည်။

- အရွယ် အစား ငယ်ပြီး၊ အရှည် ၁၆.၅ စင်တီမီတာ (၆.၅ လက်မ ပတ်ဝန်းကျင်) သို့မဟုတ်၊ ၎င်းထက် ငယ်ခြင်း၊ ချွန်၍ ထိုး နိုင်သည့် စူးရှသော ထိပ် မရှိ ခြင်း၊
- ဓါး ကို ၎င်း၏ အိပ်ထဲတွင် ထည့် ပြီး ဆွဲ မထုတ် နိုင်အောင်ထားခြင်း၊
- အဝတ် အထည် အောက်ထဲတွင် လုံခြုံ စွာ နှင့် အသုံး မပြု နိုင် အောင် ထားခြင်း
- ကိုယ်လက် လှုပ်ရှား လေ့ကျင့် အားကစား ပြုလုပ်သည့် အခါ များတွင်၊ လုံခြုံသည့် နေရာများ တွင် သိမ်းစည်းခြင်း၊ သို့မဟုတ် ကိုယ်ခန္ဓာ နှင့် အတူလုံခြုံစွာ ကပ်ထားခြင်း၊

**မှတ်ချက်။** ကိုယ်ခန္ဓာ နှင့် အတူလုံခြုံစွာ ကပ်ထားခြင်း၊ ဟု ဆို ရာတွင် ခိုင်မာသော အထည်မျိုး၊ အားကစား တွင် အသုံးပြု သည့် ခါးပတ်မျိုး၊ သားရည်ခါးပတ် ကို ဆို လို ပြီး၊ ပြုတ်ကျ ခဲ့ လျှင်၊ ဓါးဆောင်ထား သူ သော် ၎င်း၊ အခြားသူ ကို သော် ၎င်း မထိ ခိုက်စေ ရန် ဖြစ်သည်။

မေးထိုက် သည့် မေးခွန်း များ အမေး ခံ ရ သော် ကျောင်းသား က ဤ လမ်းညွှန် များ နှင့် အညီ လိုက်နာ ကြောင်း အတည် ပြု နိုင် ရ မည်။ ဘေးအန္တရယ် အလား အလာ ရှိ ခဲ့ သော်၊ ကျောင်းသား၊ မိဘ၊ အုပ်ထိန်းသူ တို့ နှင့် ဆွေးနွေးမည် ဖြစ်သည်။

ဆစ် (Sikh) ဘာသာဝင်ပြီးသူ တိုင်းသည်၊ (Kirpan) ဓါး ကိုင်ဆောင် ခွင့် ရရှိထား သော် ငြားလည်း ကျောင်းတွင်း တွင် မည် သည့် ကိစ္စ တွင်မျှ သုံးခွင့် မရှိပါ။

ကျောင်းသားများ သည် မည် သည့် အခါ၊ မည် သည့် ပတ်ဝန်းကျင် အခြေ နေ မှာ မှ ကျောင်းတွင်းတွင် ဓါးသုံး ခွင့် မရှိပါ။ ပညာရေး အတွက် အသုံး ပြု နိုင် သည်။ (ဥပမာ။ အစား အစာ ပြင်ဆင် ချက်ပြုတ် နည်း ပညာတွင် လက်တွေ့ အသုံး ချခြင်း။

ကျောင်းပြီး နောက် TAFE အတန်း ကို တန်း ၍ ဆက်တက် ဖို့ ဓါး ကို ကျောင်း ကို ယူ လာ ရန် လို အပ် လျှင်၊ ကျောင်း ၏ ရုံး သို့ ပူး သို့မဟုတ် ဓါးအိတ် ဖြင့် ထည့် ၍ ကျောင်း မ စ မီ အပ်ထား ခဲ့ ပြီး၊ ကျောင်း ဆင်း ချိန် မှာ ပြန် ယူ သွား နိုင် သည်။

လမ်း ညွှန် သစ် နှင့် ပတ်သက်သည့် အကြောင်း အရာ များ ပို မို သိ လို လျှင် အောက်ပါ ဝဗ် သို့ သွား ရောက် ကြည့် ရှု နိုင်သည်။ https://education.nsw.gov.au/about-us/rights-and-accountability/legal-issues-bulletins/knives-in-schools

လေး စား စွာဖြင့်

ကျောင်း အုပ် ကြီး၊ (Principal)

## တယ်လီ ဖုံး စကားပြန် ဝန် ဆောင် မှု

အကြောင်း အရာ ပို မို သိ လို ၍ စကား ပြန် လို အပ် ပါက  တယ် လီ ဖုံး စကားပြန် ဌါန ဖြစ် သော 131 450 နံပါတ် ကို ဆက်သွယ် ၍ စကားပြန် လို အပ် ကြောင်း လို အပ် သည့် ဘာသာ စကား ကို တောင်းပါ။ အော်ပရေတာ အား ဖုံး နံပါတ်ပေး ၍ ဖုံးပေါ်တွင် စကားပြန် အကူ အညီ ဖြင့် ဆွေး နွေး လို ကြောင်း တောင်း ဆို ပါ။ ဤ ဝန် ဆောင်မှု အတွက် အခ အကြေး ပေး ရန် မလို အပ်ပါ။